**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**ညွှန်ကြားချက်အမှတ် ၁ /၂၀၂၃**

**၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၇ ရက်**

**(၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်)**

**မွေးမြူရေးမြေအတွင်း မွေးမြူသူများ လိုက်နာရမည့် ညွှန်ကြားချက်**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်နှင့်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်-

၁။ ဤညွှန်ကြားချက်သည် မွေးမြူရေးမြေအတွင်း မွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ တိရစ္ဆာန် မွေးမြူထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများအားလုံးအတွက် အကျုံးဝင်စေရမည်။

၂။ ဤညွှန်ကြားချက်တွင် ပါရှိသော စကားရပ်များသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကော်မတီ** ဆိုသည်မှာ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(တ)နှင့် ပုဒ်မ ၅၅ ပုဒ်မခွဲ(ခ)တို့အရ ဗဟိုကော်မတီက ဖွဲ့စည်းသော မွေးမြူရေးမြေများဖော်ထုတ်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ခ) **လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ** ဆိုသည်မှာ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(တ) နှင့် ပုဒ်မ ၅၅

ပုဒ်မခွဲ(ခ)တို့အရ ဗဟိုကော်မတီက ဖွဲ့စည်းသော အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် အသေးစားမွေးမြူရေး မြေ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ဆိုသည်။

(ဂ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(တ)နှင့် ပုဒ်မ ၅၅ ပုဒ်မခွဲ(ခ)တို့အရ ဗဟို ကော်မတီက ဖွဲ့စည်းသော အကြီးစားနှင့် အလတ်စားမွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုလုပ်ငန်းကော်မတီနှင့် အသေးစား မွေးမြူရေး မြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုလုပ်ငန်းကော်မတီကို ဆိုသည်။

(ဃ) **အကြီးစား မွေးမြူရေးမြေ** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် တရားဝင် ခွင့်ပြုချက်ရရှိသော မြေဧရိယာ ၁၀၀၁ ဧကနှင့် အထက်ရှိပြီး အကြီးစား မွေးမြူရေးမြေအဖြစ် ဗဟိုကော်မတီက သတ်မှတ်သော မြေနေရာကို ဆိုသည်။

(င) **အလတ်စား မွေးမြူရေးမြေ** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် တရားဝင် ခွင့်ပြုချက်ရရှိသော မြေဧရိယာ ၅၀၁ ဧကမှ ဧက ၁၀၀၀ အတွင်းရှိပြီး အလတ်စား မွေးမြူရေးမြေအဖြစ် ဗဟိုကော်မတီက သတ်မှတ်သော မြေနေရာကို ဆိုသည်။

(စ) **အသေးစား မွေးမြူရေးမြေ** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ရန် တရားဝင် ခွင့်ပြုချက်ရရှိသော မြေဧရိယာ ၁ ဧကမှ ဧက ၅၀၀ အတွင်းရှိပြီး အသေးစား မွေးမြူရေးမြေအဖြစ် ဗဟိုကော်မတီက သတ်မှတ်သော မြေနေရာကို ဆိုသည်။

၃။ မွေးမြူသူများသည် မွေးမြူရေးမြေအတွင်း မွေးမြူရေးလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်(Good Animal Husbandry Practice)နှင့်အညီ ဆောင်ရွက်ရမည်။

၄။ မွေးမြူရေးမြေအတွင်း မွေးမြူသူများသည်-

(က) တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နေရာတွင်သာ မွေးမြူရမည်။

(ခ) တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေး(Animal Welfare) အတွက် သင့်လျော်သော မွေးမြူရေးစနစ်ဖြင့် မွေးမြူရမည်။

(ဂ) မွေးမြူသူတစ်ဦးချင်းအလိုက် မွေးမြူရေးလုပ်ငန်းစီမံချက် ရေးဆွဲတင်ပြရမည်။

(ဃ) အကြီးစား မွေးမြူရေးမြေ၌ မွေးမြူပါက ကြက်၊ဘဲ ကောင်ရေ ၅၀,၀၀၀နှင့်အထက်၊ ဝက်အကြီးကောင်ရေ ၅၀၀၀နှင့်အထက်၊ နို့စားနွား၊ ဒေသအသားစား နွားအကြီး ကောင်ရေ ၁၀၀၀ နှင့်အထက် သို့မဟုတ် သိုး၊ ဆိတ် အကြီးကောင်ရေ ၅၀၀၀ နှင့်အထက် မွေးမြူရမည်။

(င) အလတ်စား မွေးမြူရေးမြေ၌ မွေးမြူပါက ကြက်၊ ဘဲ ကောင်ရေ ၅၀၀၀ မှ ၅၀၀၀၀ အောက်၊ ငုံးကောင်ရေ ၁၀၀၀၀၀ နှင့်အထက်၊ ဝက်အကြီး ကောင်ရေ ၅၀၀ မှ ၅၀၀၀အောက်၊ နို့စားနွား၊ ဒေသအသားစားနွား အကြီးကောင်ရေ ၁၀၀ မှ ၁၀၀၀ အောက် သို့မဟုတ် သိုး၊ဆိတ် အကြီးကောင်ရေ ၅၀၀ မှ ၅၀၀၀ အောက် မွေးမြူရမည်။

(စ) အသေးစား မွေးမြူရေးမြေ၌ မွေးမြူပါက ကြက်၊ဘဲ ကောင်ရေ ၅၀၀ မှ ၅၀၀၀ အောက်၊ ငုံးကောင်ရေ ၁၀၀၀၀ မှ ၁၀၀၀၀၀ အောက်၊ ဝက်အကြီးကောင်ရေ ၅၀ မှ ၅၀၀ အောက်၊ နို့စားနွား၊ ဒေသအသားစားနွား အကြီးကောင်ရေ ၂၀ မှ ၁၀၀ အောက် သို့မဟုတ် သိုး၊ ဆိတ် အကြီးကောင်ရေ ၂၀၀မှ ၅၀၀ အောက် မွေးမြူရမည်။

(ဆ) မွေးမြူရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် တိရစ္ဆာန်အစာစက်ရုံ တည်ဆောက်ခြင်း၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း၊ မွေးမြူရေးထုတ်ကုန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ တည်ဆောက်ခြင်း၊ သားသတ်ရုံတည်ဆောက်ခြင်းစသည်တို့ကို ဆောင်ရွက်လိုပါက သက်ဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တင်ပြရမည်။

(ဇ) တိရစ္ဆာန် အမျိုးအစားအလိုက် မွေးမြူရေးလုပ်ငန်းကို အပိုဒ်ခွဲ(ဂ)အရ ရေးဆွဲထား သည့် စီမံချက်ပါအတိုင်း ဆောင်ရွက်နိုင်ရမည်။

(ဈ) ခိုင်မာသော တိရစ္ဆာန်အစာ ထောက်ပံ့မှုစနစ် ထားရှိရမည်။

(ည) ဇီဝလုံခြုံမှုအစီအမံများ (ပိုးသတ်ဆေးဖြန်းခြင်း၊ ပိုးသတ်ဆေးကန်ထားရှိခြင်း)ကို လိုက်နာဆောင်ရွက်ရမည်။

(ဋ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ရောဂါကာကွယ်ထိန်းချုပ်မှုဆိုင်ရာ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဌ) မွေးမြူရေးမြေအဖြစ် ချထားပေးသည့် မြေနေရာကို အခြားသူတစ်ဦးဦးအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း အပါအဝင် မည်သည့်လွှဲပြောင်းခြင်းမျှ မပြုလုပ်ရ။ အမည်လွှဲပြောင်းခြင်း၊ ပြန်လည်အပ်နှံခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာကြီးကြပ်မှုကော်မတီမှတစ်ဆင့် ကော်မတီသို့ အထောက်အထားပြည့်စုံစွာဖြင့် ၃ လကြိုတင်၍ တင်ပြရမည်။

(ဍ) အကြီးစား မွေးမြူရေးမြေ သို့မဟုတ် အလတ်စား မွေးမြူရေးမြေတွင် မွေးမြူပါက ၄ နှစ်အတွင်းလည်းကောင်း၊ အသေးစား မွေးမြူရေးမြေတွင် မွေးမြူပါက ၂ နှစ်အတွင်း လည်းကောင်း မွေးမြူရေးလုပ်ငန်းများကို ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဎ) မွေးမြူထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကိုသာ လုပ်ကိုင်ရမည်။

(ဏ) မွေးမြူရေးခြံ စီမံခန့်ခွဲမှုအခြေအနေအား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

(တ) ဦးစီးဌာနတွင် မွေးမြူရေးခြံလုပ်ငန်း ခွင့်ပြုလက်မှတ် ရယူရမည်။

(ထ) မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားရှိရမည်။

၅။ မွေးမြူရေးမြေအတွင်း မွေးမြူသူများသည် ဇီဝလုံခြုံမှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အမျိုးအစား မတူသော တိရစ္ဆာန်များ(ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ငုံး စသည်)ကို သက်ဆိုင်ရာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီက သတ်မှတ်ထားသော နေရာများတွင် သီးခြားခွဲ၍ မွေးမြူရမည်။

(ခ) ခြံစည်းရိုး ဝင်ပေါက် ထွက်ပေါက်များနှင့် မွေးမြူရေးခြံ အဝင်ဝတွင် ပိုးသတ်ဆေးကန်၊ ခြေဆေးကန်များထားရှိရန်နှင့် ပိုးသတ်သန့်စင်ရေး အမြဲဆောင်ရွက်ရမည်။

(ဂ) ဇီဝလုံခြုံမှုအရ ခြံနှင့် ဆက်စပ်ပုဂ္ဂိုလ်မှအပ ပြင်ပလူ အဝင်အထွက် သွားလာမှုကို ထိန်းချုပ်နိုင်ရန် စီမံဆောင်ရွက်ထားရှိရမည်။

(ဃ) တိရစ္ဆာန်အစာ သယ်ဆောင်သည့် ယာဉ်များ၊ အညစ်အကြေး သယ်ယူသည့် ယာဉ်များကို မွေးမြူရေးမြေနှင့် မိမိခြံအတွင်းသို့ မဝင်ရောက်မီ ပိုးသတ်ဆေး စနစ်တကျဖြန်းပြီးမှသာ ဝင်ရောက်စေရမည်။

(င) မွေးမြူရေးခြံဝန်းများအတွင်း ခြံလုပ်သားမှအပ မိသားစုများ အခြေချနေထိုင်ခြင်း မပြုလုပ်စေရေး တာဝန်ယူဆောင်ရွက်ရမည်။

(စ) သားရိုင်းတိရစ္ဆာန်များ၊ ငှက်ရိုင်းများ၊ ကြွက်၊ ခြင်၊ ယင်နှင့် အခြားအိမ်မွေးတိရစ္ဆာန်များ မဝင်ရောက်စေရေး စီမံဆောင်ရွက်ရမည်။

(ဆ) မွေးမြူရေးခြံသုံး ရေတွင်း၊ ရေကန်များ သန့်ရှင်းရေးကို စနစ်တကျ ဆောင်ရွက်ရမည်။

(ဇ) ခြံအသုံးအဆောင်ပစ္စည်း ကိရိယာများကို ပိုးသတ်သန့်စင်ခြင်း ပုံမှန်ပြုလုပ်ရမည်။

(ဈ) မိမိမွေးမြူသော တိရစ္ဆာန်များတွင် ပုံမှန်မဟုတ်သော ဖျားနာမှုများ၊ သေဆုံးမှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် ဦးစီးဌာနသို့ ဆောလျင်စွာ သတင်းပေးပို့၍ ဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ည) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ရမည်။

(ဋ) လူ၊ ယာဉ် အဝင်အထွက် မှတ်တမ်းများ၊ မွေးမြူမှု၊ ထုတ်လုပ်မှု၊ သေဆုံးမှု၊ ရောင်းချမှု မှတ်တမ်းများ ထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် ဦးစီးဌာန၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

၆။ မွေးမြူရေးမြေအတွင်း မွေးမြူသူသည် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် သိရှိရလျှင်ဖြစ်စေ၊ တိရစ္ဆာန်သည် ကူးစက်ရောဂါလက္ခဏာဖြင့် သေဆုံးကြောင်း

သံသယဖြစ်ဖွယ် တွေ့ရှိရလျှင်ဖြစ်စေ သက်ဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် ဦးစီးဌာနသို့ အမြန်ဆုံး သတင်းပို့ရမည်။

၇။ မွေးမြူရေးမြေအတွင်း မွေးမြူသူသည် မွေးမြူရေးခြံတွင် တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွား ကြောင်း အတည်ပြုပြီးပါက ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈။ မွေးမြူရေးမြေအတွင်း မွေးမြူသူများသည် ဤညွှန်ကြားချက်ပါ အချက်များအပြင် တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေနှင့် ယင်းဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေ အရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၃( ၀၄၅ )

ရက်စွဲ၊ ၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)

ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)

မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများသိစေရန်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ၊ သုကျွန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ညွှန်ကြားရေးမှူး(ဌာနခွဲအားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူး(ဌာနစုအားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မျှော စာတွဲ

လက်ခံစာတွဲ